## ဒုတိယအကြိမ်ပြည်သူ့လွှတ်တော် (၁၆) ကြိမ်မြောက်ပုံမှန်အစည်းအဝေး

## ပထမနေ့ အစီအစဉ်

## (၁၈-၅-၂၀၂၀) (တနင်္လာနေ့) နံနက် ၁၀ နာရီ

၁။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း၊

၂။ တပ်မတော်သား ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်(၄)ဦး ကတိသစ္စာပြုခြင်းနှင့် ကတိသစ္စာပြုလွှာပေါ်တွင် လက်မှတ်ရေးထိုးခြင်း၊

၃။ ပြည်သူ့လွှတ်တော်အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း၊

၄။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ အစီအစဉ် ကြေညာခြင်း၊

၅။ အစည်းအဝေး မတက်ရောက်နိုင်သော ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားခြင်းနှင့် ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၆။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ကိုဗစ်နှုတ်ခွန်းဆက်စကား ပြောကြားခြင်း၊

၇။ ကြိုတင်ပြင်ဆင်ထားသည့် အောက်ပါမေးခွန်းများကို လွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း-

(က) ဦးလဂန်ဇယ်ဂျုံး၊ ဝိုင်းမော် မဲဆန္ဒနယ်၏ **ဝိုင်းမော်မြို့နယ်အတွင်းရှိ မြစ်ကြီးနား-ဝိုင်းမော်-ဆဒုံး-ကန်ပိုက်တီမှ တရုတ်ပြည်သူ့သမ္မတနိုင်ငံတို့ကို ဆက်သွယ်ထားသော လမ်းမကြီးကို ပြုပြင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်

စပ်လျဉ်းသည့် မေးခွန်း၊

(ခ) ဦးဘုန်းမင့်အောင်၊ ဒိုက်ဦး မဲဆန္ဒနယ်၏ **ဒိုက်ဦးမြို့နယ်၊ မော်အင်းကျေးရွာ အုပ်စု၊ မော်အင်းကျေးရွာ ရွာလယ်လမ်းမကြီး အရှည် (၁) မိုင်ခွဲခန့်ရှိသော မြေသားလမ်းအား ဂဝံလမ်းအဖြစ်သို့ခင်းပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဂ) ဒေါက်တာဦးလင်းလင်းကျော်၊ မဖြိသား မဲဆန္ဒနယ်၏ **မြစ်သားမြို့နယ်တွင် အရေးပါသော ကူမဲ-ကဆွန်-သိမ်ကုန်း- အုန်းကုန်းလမ်း အား ရာသီမရွေး သွားလာနိုင်သော ကွန်ကရစ်လမ်း သို့မဟုတ် ကတ္တရာလမ်းအဖြစ် အဆင့်မြှင့်တင်ပေးရန် အစီအစဉ်ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဒေါက်တာဦးစိန်မအြေး၊ ဒလ မဲဆန္ဒနယ်၏ **ကျန်းမာရေးနှင့်အားကစား ဝန်ကြီးဌာန အားကစားနှင့် ကာယသိပ္ပံကျောင်းများမှ သင်တန်းပြီးမြောက်သည့် သင်တန်းသား၊ သင်တန်းသူများကို ကျောင်းဆင်းပြီးနောက် အခြေခံပညာ ကျောင်းများတွင် ကျောင်းသားကျောင်းသူများ၊ အားကစားနှင့် ကာယပညာ သင်ကြားနိုင်ရန်အတွက် အခြေခံဝန်ထမ်းနေရာ ခန့်ထားပေးခြင်းအား ပညာရေးဝန်ကြီးဌာနနှင့် စီမံဆောင်ရွက်ရန် အစီအစဉ် ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(င) ဦးဝမ်းလှ၊ နန်းယွန်း မဲဆန္ဒနယ်၏ **နန်းယွန်းမြို့နယ်ရှိ ကျန်းမာရေး ဌာနတွင် လိုအပ်လျက်ရှိသော ဆရာဝန်များနှင့် ဝန်ထမ်းများအား ဖွဲ့စည်းပုံ အတိုင်း မည်သည့်အချိန်တွင် အပြည့်အဝခန့်ထားပေးမည်ကို သိလိုခြင်း** နှင့်စပ်လျဉ်းသည့်မေးခွန်း၊

(စ) ဦးနလေင်းအောင်၊ မင်းတပ် မဲဆန္ဒနယ်၏ **ပြည်သူ့ဆေးရုံများတွင် ပြည်သူများ လာရောက်ဆေးကုသမှုခံယူသောအခါ၌ ပြည်သူများအတွက် အခမဲ့ကုသခွင့် ပေးသည့် ဆေးနှင့်ဆေးပစ္စည်းများ ရှိ၊ မရှိနှင့် အခမဲ့အသုံးပြုခွင့် ပေးထားသော ဆေးနှင့် ဆေးပစ္စည်းများကို ဆေးရုံများတွင် ပြည်သူများ သိရှိစေရန် ရေးသားဖော်ပြထားရန် အစီအစဉ် ရှိ၊ မရှိ** နှင့်စပ်လျဉ်းသည့် မေးခွန်း၊

(ဆ) ဦးမျိုးဇော်အောင်၊ ကလေးလင်း မဲဆန္ဒနယ်၏ **ကောလင်းမြို့နယ်၊ တုံးတင်တပ် ကျေးရွာ၊ ဥမင်ကုန်းကျေးရွာ၊ ဖလဲကျေးရွာနှင့် ဥသျှစ်ပင်ကျေးရွာတို့အတွက် ကျေးလက်ကျန်းမာရေး ဆေးပေးခန်းများ ချပေးနိုင်ခြင်း ရှိ၊ မရှိ** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

၈။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက **"ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေး ဥပဒေကြမ်း"** ကို တင်သွင်းခြင်း၊

၉။ **"ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေး ဥပဒေကြမ်း"**နှင့် စပ်လျဉ်း၍ ဥပဒေကော်မတီက အစီရင်ခံစာ ဖတ်ကြားရှင်းလင်းခြင်း၊

၁၀။ ကျန်းမာရေးနှင့် အားကစားဝန်ကြီးဌာနက တင်သွင်းသည့် **"ကူးစက်ရောဂါ ကာကွယ်နှိမ်နင်းရေး ဥပဒေကြမ်း"** နှင့် စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းလိုသည့် လွှတ်တော်ကိုယ်စားလှယ်များ အမည်စာရင်း တင်သွင်းနိုင်ကြောင်း ကြေညာခြင်း၊

၁၁။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **"အမျိုးသား စာကြည့်တိုက် ဥပဒေကြမ်း"** နှင့်စပ်လျဉ်း၍ အမျိုးသားလွှတ်တော်၏ ပြင်ဆင်ချက်များကို လွှတ်တော်သို့ တင်ပြခြင်းနှင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း၊

၁၂။ အမျိုးသားလွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့သော **“အမျိုးသား စာကြည့်တိုက် ဥပဒေကြမ်း”** နှင့်စပ်လျဉ်း၍ လွှတ်တော်နှစ်ရပ် သဘောကွဲလွဲမှု ရှိပါက ပြည်ထောင်စုလွှတ်တော်တွင် ဆွေးနွေးဆုံးဖြတ်ရန် တင်ပြသင့်ကြောင်း ကိုယ်စားလှယ်တစ်ဦးက အဆိုတင်သွင်းခြင်းနှင့် လွှတ်တော်၏အဆုံးအဖြတ် ရယူခြင်း၊

၁၃။ ဒုတိယအကြိမ် ပြည်သူ့လွှတ်တော် (၁၆)ကြိမ်မြောက် ပုံမှန်အစည်းအဝေး ပထမနေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး ဒုတိယနေ့ ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။